# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

October 14, 2025 Volume 95, Number 8


၁၄. ၁၀.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၂၇.၀၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၄.၃၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၈၉.၁၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၆.၁၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၀၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၆၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၅၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၆.၄၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၁၇ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## မြန်မာ့ထောပတ်သီး အိန္ဒိယနှင့်ရုရှားကို တင်ပို့နိုင်ရေး အခက်အခဲရှိနေ



မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိတဲ့ ထောပတ်သီးတွေ ဝယ်ယူဖို့ အိန္ဒိယနဲ့ ရုရှားနိုင်ငံတို့က စိတ်ဝင်စားမှု ရှိပေမဲ့လည်း လက်ရှိမှာ တင်ပို့ဖို့ အခက်အခဲရှိနေကြောင်း ထောပတ်သီး လုပ်ငန်းရှင်အသိုင်းအဝိုင်းကနေ သိရပါတယ်။

အရင်က အိန္ဒိယကို ကလေး-တမူးလမ်းကြောင်းကနေ တင်ပို့နိုင်ပေမဲ့ အခုတော့ အိန္ဒိယကို သွားမဲ့ လမ်းကြောင်းမရှိဖြစ်နေတာကြောင့် တိုင်ပင်ဆွေးနွေးနေဆဲလို့ မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (MAVO) နဲ့ နီးစပ်သူတစ်ဦးက ပြောပါတယ်။

"ရုရှားကလည်း မြန်မာ့ထောပတ်သီးကို စိတ်ဝင်စားတယ်။ သူတို့နဲ့ စကားပြောဖို့လည်းရှိတယ်"လို့လည်း ၎င်းက ဆိုပါတယ်။

ယခုဘဏ္ဍာနှစ်မှာ ပြည်ပကို ထောပတ်သီးတန်ချိန် ၁၀,၀၀၀ ကျော်တင်ပို့နိုင်ဖို့ မျှော်မှန်းထားပြီး လက်ရှိမှာ ထိုင်းဈေးကွက်ကို အဓိကတင်ပို့လျက်ရှိတာပါ။

၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ်မှာ ထောပတ်သီးတန်ချိန် ၇၆၀၀ ကျော်၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှာ ထောပတ်သီးတန်ချိန် ၈၀၀၀ ကျော် တင်ပို့နိုင်ခဲ့တယ်လို့ မြန်မာနိုင်ငံထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MAVO) ကနေ သိရပါတယ်။

"သူ့ရာသီနဲ့ သူတော့ အမျိုးအစားလိုက်သွားနေကြတာပဲ။ ဒီနှစ်က အနည်းဆုံး တန် ၁၀,၀၀၀ တော့ ရှိမယ်။ အခုပေါက်ဈေးက မငြိမ်သေးဘူး။ တစ်သမတ်တည်းတော့ ဈေးက

မရှိဘူး။ အချိန်နဲ့ လနဲ့ အလိုက်ပြောင်းနေတာ”လို့ မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်း(MAVO) နဲ့ နီးစပ်တဲ့ လုပ်ငန်းရှင်တစ်ဦးက ပြောပါတယ်။

**Source : BETV Business**

## ဘားအံစက်မှုဇုန်တွင် လည်ပတ်စက်ရုံ၊အလုပ်ရုံပေါင်း ၄၆ ရုံဖြင့် ဒေသခံ အလုပ်သမားဦးရေ ၅၀၀ ကျော်ကို အလုပ်အကိုင်ဖန်တီး ပေးထားနိုင်ဟုဆို



ကရင်ပြည်နယ်၊ ဘားအံမြို့ရှိဘားအံစက်မှုဇုန်တွင် လက်ရှိလည်ပတ်နေသည့် စက်ရုံ၊ အလုပ်ရုံပေါင်း ၄၆ ရုံ ရှိလာပြီး ဒေသခံ တိုင်းရင်းသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၅၃၀ ကို ဖန်တီးပေးထားနိုင်ပြီ ဖြစ်ကြောင်း ဘားအံစက်မှုဇုန်ကြီးကြပ်ရေးကော်မတီမှ သိရပါတယ်။

ထို့ပြင်တည်ဆောက်ဆဲနှင့်အသစ်တည်ဆောက်မှုများပြီးစီးပါက အလုပ်အကိုင်အခွင့်အလမ်းများ ထပ်မံတိုးမြှင့်ရရှိနိုင်မှာဖြစ်ကြောင်း၊ လက်ရှိမှာလည်း နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသည့် အနေဖြင့် ဘားအံ-လှိုင်းဘွဲ့ ကားလမ်းဘေးရှိ ဘားအံစက်မှုဇုန်၊ ဇုန်အမှတ်(၂)မှာ လယ်ယာသုံးစက်နှင့် စက်ကိရိယာပစ္စည်းအမျိုးမျိုး ထုတ်လုပ်သည့် စက်ရုံတစ်ရုံ၏ အဆောက်အဦ တည်ဆောက်ခြင်းလုပ်ငန်းကို အောက်တိုဘာလ ၉ ရက်နေ့က စတင် ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါစက်ရုံများပြီးစီးပါက ဒေသခံတောင်သူများ အနေဖြင့် အရည်အသွေးမြင့်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် အဆင်ပြေချောမွေ့စွာ ဝယ်ယူနိုင်ရန် ရည်ရွယ်ကြောင်းနှင့် လာမည့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် စက်ရုံစတင်လည်ပတ်နိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ကြောင်း သိရပါတယ်။

အလားတူ တန် ၁၀၀ ထုတ်လုပ်နိုင်သည့် ဆန်စက်လုပ်ငန်းများ၊ သဘာဝမြေဩဇာစက်ရုံ တည်ဆောက်ဆဲလုပ်ငန်းများလည်းပါဝင်သလို အဆိုပါဆန်စက်လုပ်ငန်းများအနေဖြင့်လည်း ဒေသတွင်းစပါးများကို ဝယ်ယူကြိတ်ခွဲ၍ ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချသွားမှာဖြစ်ပြီး ဆန်စက်ထွက် စွန့်ပစ်ပစ္စည်းများ၊ စိုက်ပျိုးမွေးမြူရေးစွန့်ပစ်ပစ္စည်းများ စတာတွေကို အသုံးပြု၍ သဘာဝမြေဩဇာကိုလည်း ထုတ်လုပ်သွားမှာဖြစ်ကြောင်း သိရပါတယ်။

လက်ရှိတွင် ဘားအံစက်မှုဇုန်၌ လည်ပတ်နေသည့်စက်ရုံ၊ အလုပ်ရုံပေါင်း ၄၆ ရုံနှင့်အတူ တည်ဆောက်ဆဲ စက်ရုံအလုပ်ရုံပေါင်း ၂၉ ရုံရှိပြီး၊ တည်ဆောက်ဆဲစက်ရုံများနှင့် အသစ်ထပ်မံတည်ဆောက်မည့်စက်ရုံများပြီးစီးပါက ဒေသခံတိုင်းရင်းသားပြည်သူ အလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက် ရရှိလာနိုင်မှာဖြစ်ကြောင်း သိရပါတယ်။

**Source : Myanmar Future News Agency**

## ဇလွန်မြို့နယ်၌ တီလားဗီးယားငါးများ ဝယ်လိုအားများပြီး အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီးဇလွန်မြို့နယ်၌ တီလားဗီးယားငါးများ ဝယ်လိုအားများပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ်၌ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးထံက သိရသည်။

ဇလွန်မြို့နယ်၌ အောက်တိုဘာလ ပထမပတ်မှစ၍ လက်ရှိအချိန်ထိ ဒေသထွက်တီလားဗီးယားငါးများ ဝယ်လိုအားကောင်းပြီး အရောင်း

အဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသ၌ တစ်ရက်လျှင် တီလားဗီးယားငါးပိသာ ၄၀၀၀ မှ ၅၅၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

''လက်ရှိမှာ တီလားဗီးယားငါးတွေ အဝယ်လိုက်နေပါတယ်။ တခြားဒေသဈေးကွက်က ဝယ်လက်တွေက အဝယ်များနေတာပါ။ ဇလွန်မြို့နယ်ကနေတခြားဒေသတွေကို တီလားဗီးယားငါးပိသာ အများအပြားတင်ပို့နေရလို့ အရောင်းအဝယ်ကောင်းနေ တာပါ။ဒေသထွက်တီလားဗီးယားငါးတွေက ရောင်းပန်းလှပြီး အကင်ဆိုင်တွေ၊ ပင်လယ်စာဆိုင်တွေက အကြိုက်များပါတယ်။ လက်ရှိ အရောင်းအဝယ်ကောင်းနေတာကြောင့် ရေလုပ်ငန်းနဲ့ ဆက်စပ်လုပ်ကိုင်သူတွေ အားလုံး အဆင်ပြေနေပါတယ်'' ဟု ၎င်းကပြောသည်။

ဇလွန်မြို့နယ်၌ ဒေသထွက်တီလားဗီးယားငါးများ အပါအဝင် တခြားရေထွက်ကုန်ပစ္စည်းများကို ဇလွန်ဈေးကွက်အပြင် ပုသိမ်၊ ဟင်္သာတ စသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## ငါန်းဇွန်နှင့်မြင်းခြံမြို့နယ်များတွင် ဆေးရွက်ကြီးစိုက်ပျိုးသူလျော့ကျ



မန္တလေးတိုင်းဒေသကြီး ၊ မြင်းခြံနှင့်ငါန်းဇွန်မြို့နယ်တွင် ယခုနှစ် ဆေးရွက်ကြီးစိုက်ပျိုးကာလတွင် စိုက်ပျိုးသူလျော့နည်းကျဆင်းခဲ့ကြောင်း ဒေသခံတောင်သူများကပြောပါတယ်။

ဗာဂျီးနီးယားဆေးရွက်ကြီးပင်များမှာ ဂရုစိုက်ပြုစုရမှုများပြားခြင်းကြောင့် နယ်မြေအခြေအနေတည်ငြိမ်မှုမရှိဘဲ ရောင်တိမ်းနေရမှုများ မကြာခဏရှိနေသည့်အတွက် တောင်သူအများစုက စိုက်ပျိုးမှုမရှိခြင်းဖြစ်ပါတယ်။

“ဆေးကအရင်းအနှီးများတယ်။ နောက်ပြီးပစ်ထားလို့လည်းမရဘူး။ ရေချိန်တန်ရေ၊ ဆေးချိန်တန်ဆေး အရမ်းဂရုစိုက်ရတာ။ နယ်မြေအခြေအနေကြောင့် အတော်များများက မစိုက်ကြဘူး”ဟု ငါန်းဇွန်မြို့နယ်မှတောင်သူတစ်ဦးကပြောပါတယ်။

မြင်းခြံ၊ ငါန်းဇွန်နှင့်ငါန်းမြဒေသများမှာ အရည်အသွေးအကောင်းဆုံးဆေးရွက်ကြီးများထွက်ရှိမှုကြောင့် နာမည်ကျော်ကြားပြီးဆေးရွက်ကြီးကိုအဓိကစိုက်ပျိုးသီးနှံအဖြစ် နှစ်ပေါင်းရာနှင့်ချီကာ စိုက်ပျိုးလာခဲ့ကြခြင်း ဖြစ်ပါတယ်။

ယခင်က အဆိုပါဒေသများတွင်ဆေးရွက်ကြီးစိုက်ဧကသောင်းနှင့်ချီကာရှိခဲ့သော်လည်း လက်ရှိအချိန်တွင် ၃၀ ရာခိုင်နှုန်းခန့်သာစိုက်ပျိုးထားနိုင်ခဲ့ကြောင်းတောင်သူများကဆိုပါတယ်။

**Source :** https://opinionleadersmedia.com/

## ဧည့်မထဆန်နှင့်ဖွဲနုဈေးများ ကျဆင်းလျက်ရှိပြီး ပေါ်ဆန်းမွှေးဆန်နှင့် ဆန်ကွဲဈေးများတည်ငြိမ်

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းကဏ္ဍတွင် ကုန်ကြမ်းအနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့် သုံးစွဲသူတို့၏ ဝယ်လိုအားအနည်းအများအပေါ်တွင် မူတည်၍ ဆန်နှင့်ဆန်ကွဲ၊ ဖွဲနုဈေးများ အတက်အကျ ဖြစ်ပေါ်လျက်ရှိသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် ၂၆.၉.၂၀၂၅ ရက်နေ့တွင် ဧည့်မထဆန်(မနောသုခ)(ဟောင်း)တစ်အိတ် ၆၅,၀၀၀ကျပ်၊ ဧည့်မထဆန်(မနောသုခ)(သစ်)တစ်အိတ် ၅၀,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန်တစ်အိတ် ၁၀,၀၀၀ကျပ်၊ ဆန်ကွဲB(1,2)တစ်အိတ် ၄၅,၀၀၀ ကျပ်၊ ဆန်ကွဲB(2,3,4) တစ်အိတ်၄၂,၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ်၂၅,၂၀၀ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

၃.၁၀.၂၀၂၅ ရက်နေ့တွင် ဧည့်မထဆန်(မနောသုခ)(ဟောင်း) တစ် အိတ် ၆၀,၀၀၀ကျပ်၊ ဧည့်မထဆန်(မနောသုခ) (သစ်) တစ်အိတ် ၄၅,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန်တစ်အိတ် ၁၀၀,၀၀၀ကျပ်၊ ဆန်ကွဲ B(1,2)တစ်အိတ် ၄၅,၀၀၀ကျပ်၊ ဆန်ကွဲ

B(2,3,4)တစ်အိတ် ၄၂,၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၄,၆၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်ကာလတူနိုင်းယှဉ်ချက်အရ ညှော့်မထဆန်(မနောသုခ)(ဟောင်း)တစ်အိတ် ၅၀၀၀ ကျပ်၊ ညှော့်မထဆန် (မနောသုခ)(သစ်)တစ်အိတ် ၅၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၆၀၀ ကျပ် ဈေးကျ၍ ပေါ်ဆန်းမွှေးဆန်နှင့်ဆန်ကွဲဈေးများ တည်ငြိမ်လျက်ရှိသည်။

ညှော့်မထဆန်(မနောသုခ)နှင့် ဖွဲနုဈေးများကျဆင်းသွားခြင်းမှာ ကုန်ကြမ်းများပြီး ဝယ်လိုအားနည်းခြင်းကြောင့် ဈေးကျဆင်းသွားခြင်းဖြစ်ကြောင်း ပဲခူးကုန်စည်ဒိုင်ဥက္ကဋ္ဌထံက သိရသည်။

**Source : ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/

## Battambang ပြည်နယ်တွင် စိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်ရန် ခေတ်မီစိုက်ပျိုးရေးအဖွဲ့အစည်း (၃) ခု စတင်ဖွဲ့စည်း



ကမ္ဘောဒီးယားနိုင်ငံ၏ Battambang ပြည်နယ်၏ ခရိုင် ၃ ခု၌ အနာဂတ်တွင် နိုင်ငံအနှံ့အပြား၌ အလားတူအသိုက်အဝန်းအဖွဲ့အစည်းများ ဖန်တီးရေးကိုအားပေးရန် ခေတ်မီဆန်စပါးစိုက်ပျိုးသည့် အဖွဲ့အစည်း ၃ ခုကို ထူထောင်ခဲ့သည်။

Moung Ruessei၊ Banan နှင့် Thmor Koul ခရိုင်တို့တွင် ခေတ်မီစပါး စိုက်ပျိုးသည့် အဖွဲ့အစည်း ၃ ခုကို ဖွဲ့စည်းခဲ့ကြောင်း စိုက်ပျိုးရေး၊ သစ်တောနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ Khim Finan က ပြောကြားခဲ့သည်။

စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ ခေတ်သစ်စိုက်ပျိုးရေး လုပ်ငန်းအဖွဲ့မှ ဦးဆောင်ကျင်းပသည့် ခေတ်မီစပါး စိုက်ပျိုးရေးအဖွဲ့ ပထမအကြိမ် အထွေထွေအစည်းအဝေး Finan မှ အဖွဲ့ ဖွဲ့စည်းခြင်း၏အကျိုးကျေးဇူးများကို အသိအမှတ်ပြုပြောကြားခဲ့ပြီး ခေတ်မီစပါးစိုက်ပျိုးရေး အသိုက်အဝန်းများ ဖွဲ့စည်းတည်ထောင်ခဲ့ကြသော တောင်သူလယ်သမားများအား ဝမ်းမြောက်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

အဆိုပါ အဖွဲ့အစည်းများသည် တောင်သူလယ်သမားများအား ဈေးကွက်ပေါက်ဈေးကြိုတင်လုံခြုံစေရန်၊ ထုတ်လုပ်မှုကုန်ကျစရိတ်ကို လျှော့ချရန်နှင့် အရင်းအနှီးပံ့ပိုးမှုရရှိရန် ကူညီပေးကြောင်း Finan က မှတ်ချက်ပြုခဲ့သည်။

အစိုးရအနေဖြင့် လက်ရှိနိုင်ငံတစ်ဝှန်းတွင် ခေတ်မီစိုက်ပျိုးရေး အသိုက်အဝန်း ၁၂ ခုကို ထူထောင်ထားပြီး Siem Reap၊ Kampong Thom၊ Takeo၊ Kandal၊ Kampong Chhnang၊ Tboung Khmum နှင့် Pursat ပြည်နယ်အပါအဝင် ပြည်နယ်ခုနစ်ခုတွင် တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်ကြောင်း Finan က ဆက်လက်ပြောကြားခဲ့သည်။

လက်ရှိတွင် အဆိုပါအသိုင်းအဝိုင်းများသည် ဆန်၊ ဟင်းသီးဟင်းရွက်၊ သီဟိုဠ်စေ့နှင့် ငရုတ်ကောင်းစသည့်သီးနှံ လေးမျိုးအပေါ် အာရုံစိုက်ထားပြီး နှစ်စဉ်ထုတ်လုပ်မှုတန်ဖိုး ကန်ဒေါ်လာ ၁၉ ဒသမ ၇၇ သန်းရရှိလျက်ရှိကြောင်း သိရသည်။

**Source: Khmer Times**

**DOCA**(ရန်ကုန်)

https://myantrade.gov.mm/

## နိုင်ငံ၏ စီးပွားရေးကို ပိုမိုကောင်းမွန်စေရန်မြှင့်တင်မည်ဟု ထိုင်းဝန်ကြီးချုပ်ပြောကြား



ထိုင်းနိုင်ငံဝန်ကြီးချုပ် အနူတင်ချာဗီရာကူလ်က နိုင်ငံ၏ စီးပွားရေးကို ပိုမိုကောင်းမွန်စေရန် မြှင့်တင်သွားမည်ဖြစ်ကြောင်း ပါလီမန်၌ ကတိပြုပြောကြားသည်။

၎င်းအစိုးရအဖွဲ့အနေဖြင့် လက်ရှိရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ဖြေရှင်းသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် အနူတင်က ပြောကြားသည်။

ထိုင်းစီးပွားရေးကို ပြန်လည်ရှင်သန်လာစေရန်ရည်ရွယ်ပြီး ပြည်သူများ ဝင်ငွေပိုမိုရရှိရန်နှင့် လူနေမှုစရိတ်မြင့်တက်မှုကို လျှော့ချပေးမည့် မူဝါဒများကို အကောင်အထည်ဖော်ရန် ဝန်ကြီးချုပ် အနူတင်က ကတိပြုခဲ့သည်။

နိုင်ငံအတွင်းသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသွား ဧည့်သည်များအား ပစ်မှတ်ထား လိမ်လည်လှည့်ဖြားသည့် လုပ်ရပ်များကို ကာကွယ်တားဆီးခြင်းဖြင့် နိုင်ငံ၏ ခရီးသွား လုပ်ငန်းကို ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

ထို့ပြင်ဝန်ကြီးချုပ်အနူတင်က အဓိကဝန်ကြီးရာထူးနေရာများအတွက် အတွေ့အကြုံရင့် အစိုးရအရာရှိများနှင့် စီးပွားရေးခေါင်းဆောင်များကို ခန့်အပ်ခဲ့ပြီး ၎င်း၏ အစိုးရအဖွဲ့ရွေးချယ်ခန့်အပ်မှုနှင့် မူဝါဒမိန့်ခွန်းများက မတ်လ သို့မဟုတ် ဧပြီလ တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲမတိုင်မီ ပြည်သူများ၏ ယုံကြည်မှုကိုရရှိရန် အစိုးရအဖွဲ့၏ လုပ်ဆောင်ချက်များအပေါ် ထင်ဟပ်လျက်ရှိကြောင်း စောင့်ကြည့်လေ့လာသူများက သုံးသပ်ပြောကြားသည်။

**Source : အင်န်အိတ်ချ်ကေ**

**DOCA(ပြည်ထောင်စုနယ်မြေ)**

https://myantrade.gov.mm/

# STOCK EXCHANGE (14.10.2025)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 14th Oct. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 14,781 (Shares) | 60,176,200 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | -100 | -1.20% | 8,300 | 8,300 | 8,200 | 1,576 | 12,980,800 | 33,109,694 | 271,500 |
| MTSH | 00002 | 3,400 | +0 | +0.00% | 3,400 | 3,400 | 3,400 | 10,012 | 34,040,800 | 38,929,150 | 132,359 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,700 | 7,800 | 7,700 | 1,005 | 7,838,500 | 10,400,986 | 81,128 |
| FPB | 00004 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 387 | 1,006,200 | 29,664,613 | 77,128 |
| TMH | 00005 | 2,750 | +100 | +3.77% | 2,750 | 2,750 | 2,750 | 500 | 1,375,000 | 12,823,224 | 35,264 |
| EFR | 00006 | 1,900 | +50 | +2.70% | 1,850 | 1,900 | 1,850 | 990 | 1,876,500 | 19,977,223 | 37,957 |
| AMATA | 00007 | 3,450 | +50 | +1.47% | 3,400 | 3,450 | 3,400 | 110 | 375,000 | 10,497,598 | 36,217 |
| MAEX | 00008 | 3,400 | +0 | +0.00% | 3,400 | 3,400 | 3,400 | 201 | 683,400 | 23,804,946 | 80,937 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 14th Oct. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 398.95 | -0.27 | -0.07% | 399.22 | 399.90 | 398.95 | 14,781 | 60,176,200 | 8 | 752,490 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 p.m. 14th Oct. 2025

| Trading Volume | Trading Value |
|---|---|
| 21,123 (Shares) | 77,299,600 (MMK) |

## Main Board

As of 1:00 p.m. 14th Oct. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 14,781 (Shares) | 60,176,200 (MMK) |

| MYANPIX | 398.95 ▼0.27 |
|---|---|
| Total Volume (shares) | 14,781 |
| Total Value (MMK) | 60 mil |
| Listed Company | 8 |
| Market Cap. (MMK) | 752,490 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▼100 |
| MTSH | 00002 | 3,400 | ▲0 |
| MCB | 00003 | 7,800 | ▲0 |
| FPB | 00004 | 2,600 | ▲0 |
| TMH | 00005 | 2,750 | ▲100 |
| EFR | 00006 | 1,900 | ▲50 |
| AMATA | 00007 | 3,450 | ▲50 |
| MAEX | 00008 | 3,400 | ▲0 |